ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ SSE / NM / ၂၄ / ၂၀၂၃
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည်ညွှန်းချက်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ (၃၁.၇.၂၀၂၃) ရက်စွဲပါ စာအမှတ်၊ ပဆ-၂/လက(DCA)Spaceflight/(၇/၁၆၃)

၁။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘေဂျင်း လေယာဉ်မှူးသတိပေးလွှာထုတ်ပြန်ရေးရုံးမှ (၂၈.၇.၂၀၂၃) ရက်နေ့ (၁၁:၁၆) နာရီအချိန်တွင် Aerospace Flight လှုပ်ရှားမှုကိစ္စနှင့် ပတ်သက်၍ ကြိုတင်သတိပေးချက်(ကြေးနန်း) ပေးပို့အကြောင်းကြားလာပါသည်။

၂။ အဆိုပါ ကြိုတင်သတိပေးချက်တွင် အာကာသယာဉ်၏လှုပ်ရှားမှု (Aerospace Flight Activities) သည် (၃.၈.၂၀၂၃) ရက်နေ့ နံနက်(၁၀:၁၁)နာရီမှ (၁၀:၄၂) နာရီအချိန်အတွင်းတွင် ဖြစ်နိုင်ခြေရှိကြောင်း၊ Aerospace Flight အစိတ်အပိုင်းများသည် ဘင်္ဂလားပင်လယ်အော် အတွင်းရှိ မြန်မာ့ရေပိုင်နက်သို့ ကျရောက်နိုင်ကြောင်းနှင့် မြေပြင်မှ အမြင့်ပေအကန့်အသတ်မရှိ သက်ရောက်နိုင်ကြောင်း၊ ခန့်မှန်းကျရောက်နိုင်သည့် ဧရိယာကို အောက်ဖော်ပြပါအတိုင်း အသိပေးအကြောင်းကြားလာပါသည်-

| Point | Latitude | Longitude |
|---|---|---|
| A | 16° 29' 00" N | 092° 44' 00" E |
| B | 16° 37' 00" N | 092° 11' 00" E |
| C | 17° 29' 00" N | 092° 25' 00" E |
| D | 17° 21' 00" N | 092° 58' 00" E |

၃။ အဆိုပါခန့်မှန်းကျရောက်မည့်ဧရိယာမှာ မာန်အောင်လေဆိပ်၏ အနောက်တောင်ဘက် ရေမိုင် (၉၇) မိုင်ခန့်၊ သံတွဲလေဆိပ်၏ အနောက်တောင်ဘက် ရေမိုင် (၁၀၀) မိုင်ခန့်နှင့် ပုသိမ် လေဆိပ်၏ အနောက်မြောက်ဘက် ရေမိုင် (၁၀၉)မိုင်ခန့်အကွာ ဘင်္ဂလားပင်လယ်အော်အတွင်း ကျရောက်နေကြောင်း စိစစ်တွေ့ရှိရပါသည်။ ကျရောက်နိုင်သည့် ဧရိယာမြေပုံအား နောက်ဆက်တွဲဖြင့် ဖော်ပြအပ်ပါသည်။

၄။ သို့ဖြစ်ပါ၍ (၃.၈.၂၀၂၃) ရက်နေ့ နံနက်(၁၀:၁၁) နာရီမှ (၁၀:၄၂) နာရီအချိန်အတွင်း အထက်ဖော်ပြပါ တည်နေရာများအတွင်း၌ Aerospace Flight အစိတ်အပိုင်းများ ကျရောက် နိုင်ပါသဖြင့် သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ကမ်းရိုးတန်းသွားရေယာဉ်များ၊

ငါးဖမ်းသင်္ဘောများ၊ အပျော်စီးခရီးသွားရေယာဉ်များနှင့် စက်တပ်သမ္ဗန်များ ၎င်းဧရိယာအတွင်း ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုကြပါရန်နှင့် အဆိုပါဧရိယာအနီးမှ လွတ်ကင်းစွာ သတိပြုမောင်းနှင်သွားကြပါရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)

**0341 – 0412 UTC on 3 August 2023**

